ဒီလိုပဲ . . . "ကံ" နှင့် "ကမ္မ-ဝိပါက" တို့ရဲ့ . . . MECHANISM ကိုမသိရင် . . . ဘဝနဲ့ပတ်သက်တဲ့အဓိပ္ပာယ်ကို မဖော်နိုင်ပါဘူး။ ဘဝစက်ဘယ်လိုလည်နေတယ်ဆိုတာကိုလည်း မသိနိုင်ပါဘူး။ အခု . . . ဘဝစက်ဘယ်လိုလည်တယ်ဆိုတာကိုသိဖို့အတွက် . . . ပထမအဆင့်အနေနဲ့ "ဝိပါကဝဋ်" ကို သိထားရပါမယ်။

ဒါတွေဟာ သုတမယပညာ၊ ဒီဋ္ဌမယပညာ ဒါတွေကိုပဲ "ဗဟုသုတပညာ"လို့ပြောပါတယ်။ ဒါတွေဟာ . . . နားထောင်ဖို့သက်သက်မဟုတ်ပါဘူး။ ကိုယ်ပိုင်ဉာဏ်နဲ့သေသေချာချာ စဉ်းစားတတ်အောင်သင်ပေးတာဖြစ်ပါတယ်။

စဉ်းစားပြီးမှ ဘဝအကြောင်းကို သိပါမယ်။ ဘဝအကြောင်းကိုသိမှ . . . သံသရာအကြောင်းကို သိပါမယ်။

သံသရာလည်ခြင်း၏အကြောင်း၊ သံသရာကပေးနေသော ဒုက္ခ၊ သုခများအကြောင်းကို . . . သိလာပါမယ်။ ဒီလိုအခြေခံကျကျသိထားမှ "ဓမ္မ"အကြောင်းကို သိပါမယ်။ "ဓမ္မ"ရဲ့အဓိပ္ပာယ်ကို သိမှ "ဓမ္မ" ကိုဟောကြားတော်မူသော . . . "ဗုဒ္ဓ" ဆိုတာကို သိပါမယ်။

ကျွန်တော်တို့ဟာ . . . ဒီလိုထူးသောဘုရားရှင်၏ပညာများကို သင်ကြားခွင့်ရတာဟာ အလွန်ကံကောင်းပါတယ်။ ဒီထက်ပို၍ကံများကောင်းလာစေရန် . . . ဒီထက်မြင့်သောတရား၊ မြတ်သောတရားများကို . . . မိမိကိုယ်ပိုင်ဉာဏ်ဖြင့် တက်လှမ်းနိုင်အောင် ကြိုးစားနိုင်ကြသော ပုဂ္ဂိုလ်ထူးများဖြစ်ကြပါစေ . . .

သာဓု . . . သာဓု . . . သာဓု



# "ကမ္မ နှင့် ဝိပါက"

ဒီကနေ့ ၂၀၀၇ ခုနှစ်၊ ဧပြီလ (၂၂) ရက်၊ တနင်္ဂနွေနေ့ ရန်ကုန်မြို့၊ အာဇာနည်လမ်း၊ သာမဏေဗိမာန်တော်မှာ (၂၅) ကြိမ်မြောက် "ဗုဒ္ဓဒေသနာသင်တန်း" ဆက်လက်ပို့ချပါမယ်။

ကျွန်တော်တို့မှာ ရုပ်ခန္ဓာ-နာမ်ခန္ဓာဆိုပြီး . . . ခန္ဓာ (၂)ပါးရှိပါတယ်။ အဲဒါကိုပဲ . . . ရုပ်ခန္ဓာ(၁)ပါး၊ နာမ်ခန္ဓာ (၄)ပါးရယ်လို့ . . . ပြောလိုက်တော့ စုစုပေါင်း ခန္ဓာငါးပါးအဖြစ် ရောက်ရှိလာပါတယ်။ အဲဒီခန္ဓာကို ဘယ်လိုခန္ဓာငါးပါးအဖြစ် မှတ်ထားရမှာလဲဆိုရင် . . . "ခန္ဓာငါးပါး" လို့မှတ်ရင် . . . အဲဒီခန္ဓာငါးပါးဆိုတဲ့ သဘာဝဟာ . . . "ရုပ်ခန္ဓာ" ဆိုရင်လည်း "အတုံးအခဲ"နဲ့ . . . အစိုင်အခဲလို့ပဲ မှတ်ပါတယ်။ "နာမ်ခန္ဓာ" ဆိုရင်လည်းပဲ . . . နာမ်ခန္ဓာဆိုတဲ့ "စိတ်" လို့ပဲ မှတ်ပါတယ်။

တကယ်သိရမယ့်အချက်က . . . အဲဒီခန္ဓာငါးပါးမှာ . . . "ခန္ဓာငါးပါး"လို့ ဖွဲ့နိုင်တဲ့အကြောင်းအရာက . . . "အလုပ်လုပ်နေမှု" "ခန္ဓာငါးပါး" ဖွဲ့လိုရပါတယ်။ ဒီတော့ ခန္ဓာငါးပါးဟာ "အလုပ်အဖွဲ့ငါးမျိုး" ဖြစ်ပါတယ်။

အဲဒီအလုပ်တွေက . . . မြင်ကိစ္စလုပ်တယ်၊ ကြားကိစ္စလုပ်တယ်။ အနံ့ကိစ္စ . . . အရသာကိစ္စ . . . အတွေ့ကိစ္စ ဆိုတဲ့ "အလုပ်"တွေကို လုပ်ပါတယ်။ ဒီလိုလုပ်တဲ့အဖွဲ့ငါးမျိုးကို "ခန္ဓာငါးပါး" လို့ ခေါ်ပါတယ်။

သေသေချာချာနှလုံးသွင်းဆင်ခြင်ရမယ့်အချက်က . . . "ခန္ဓာငါးပါး" ဆိုသည်မှာ အလုပ်အဖွဲ့ငါးမျိုးဖြစ်ပါတယ်။ ဘာအလုပ်တွေလုပ်သလဲဆိုရင် . . .

မြင်ကိစ္စ၊ ကြားကိစ္စ၊ အနံ့ကိစ္စ၊ အရသာကိစ္စ၊ အတွေ့ကိစ္စတွေကို လုပ်နေပါတယ်။ အဲဒီ သဘောကိုသေသေချာချာနှလုံးသွင်းဆင်ခြင်ရပါမယ်။ အဲဒီ "အလုပ်" ဆိုတဲ့သဘောကို သေသေချာချာစဉ်းစားပါ။

တကယ်ထင်ရှားပေါ်လာတာက "သိတဲ့" သဘောလည်း ထင်ရှားပေါ်လာတယ်။ မှတ်တဲ့သဘောလည်း ထင်ရှားပေါ်လာတယ်။ ခံစားတဲ့သဘောလည်း ထင်ရှားပေါ်လာတယ်။ အားထုတ်တဲ့သဘောလည်း ထင်ရှားပေါ်လာပါတယ်။ အလုပ်လုပ်နေတဲ့အချိန်မှာ "ထင်ရှား" ပေါ်လာပါတယ်။ အလုပ်က "မြင်ကိစ္စ" . . . "ကြားကိစ္စ" တွေလုပ်ပါတယ်။ ပြီးတော့ "အတွေ့ကိစ္စ" . . . "အနံ့ကိစ္စ" . . . "အရသာကိစ္စ"တွေလုပ်ပါတယ်။ အဲဒီအချိန်အခါမှာပဲ "ခန္ဓာ" က ထင်ရှားပေါ်ပါတယ်။ အလုပ်လုပ်ပြီးရင် သူတို့ကပျောက်သွားပါတယ်။

အလုပ်လုပ်နေတဲ့အချိန်မှာမှ . . . "ခန္ဓာငါးပါး" က ထင်ရှားပေါ်ပါတယ်။ အလုပ်အဖွဲ့ "ငါးမျိုး" ရှိတယ်လို့ပြောရပါမယ်။ အဲဒါကိုပဲ "ခန္ဓာငါးပါး" လို့ ခေါ်ပါတယ်။

ခန္ဓာငါးပါးမှာ အလုပ်လုပ်တယ်ဆိုတော့ . . . အဲဒီခန္ဓာငါးပါးနဲ့ အလုပ်လုပ်တော့ . . . "မြင်ကိစ္စ" လည်း "ခန္ဓာငါးပါး" နဲ့ လုပ်တယ်။ "ကြားကိစ္စ" လည်း "ခန္ဓာငါးပါး"နဲ့ လုပ်တယ်။

အဲဒီလို . . . ခန္ဓာငါးပါးနဲ့ လုပ်တဲ့အလုပ်ရဲ့သဘောလေးကို . . . သေသေချာချာ သိအောင်စဉ်းစားပေးပါ။ "မြင်ကိစ္စ" ကိုလည်း အလုပ်လုပ်တယ်။ "ကြားကိစ္စ" ကိုလည်း အလုပ်လုပ်တယ်။ ဒီ မြင်မှု၊ ကြားမှု (၂)ခုဟာ . . . လုပ်ငန်းသဘောကို ဖော်ဆောင်တဲ့အခါ . . . ဘယ်လိုပုံဖော်ပါသလဲ . . . "မြင်တဲ့ဟာမှာ" . . . သိတဲ့သဘော၊ မှတ်တဲ့သဘော၊ ခံစားတဲ့သဘော၊ အားထုတ်တဲ့သဘောတွေပါဝင်ပါတယ်။ အဲဒီ . . . မြင်စိတ်ထဲမှာ နာမ်ခန္ဓာ (၄)မျိုး ပါဝင်ပါတယ်။

သိတဲ့နာမ်ဓါတ်၊ မှတ်တဲ့နာမ်ဓါတ်၊ ခံစားတဲ့နာမ်ဓါတ်၊ အားထုတ်တဲ့နာမ်ဓါတ် . . . ဆိုတဲ့ လေးမျိုးရှိတဲ့အထဲက . . . "မြင်ကိစ္စ" ကို ဆောင်ရွက်နေသောအချိန်တွင် . . . "သိ" ကဦးဆောင်နေပါတယ်။

မြင်တာလေးကို "စိတ်" က သိအောင်လုပ်ရတော့ . . . "ဝိညာဏ်" ဦးဆောင်ပါတယ်။ မှတ်တာရယ်၊ ခံစားတာရယ်၊ အားထုတ်တာရယ် . . . ကလည်း သိတဲ့ "စိတ်" ကလေးကို အထောက်အပံ့ပေးပါတယ်။



. . . ဆိုတဲ့ (၄)ဖွဲ့ရရှိပါတယ်။ သူတို့အလုပ်လုပ်နိုင်အောင် . . . "မျက်စိအကြည်" "နားအကြည်" . . . ဆိုတဲ့ "ရူပက္ခန္ဓာ" တွေကလည်း ကူညီရပါတယ်။

အဲဒါတွေအားလုံးပေါင်းလိုက်တော့ "ခန္ဓာငါးပါး" ရပါတယ်။ "ခန္ဓာငါးပါး" လို့ပြောရင် . . . ဘယ်အချိန်မှာ ထင်ရှားပါသလဲဆိုရင် . . .

အလုပ်လုပ်မှ "ခန္ဓာငါးပါး" က ထင်ရှားပေါ်ပါတယ်။ အလုပ်လုပ်တယ်ဆိုတာဟာ FUNCTION လုပ်တာပါ။ FUNCTION ဆိုတာဟာ . . . "သင်္ခါရ" ဖြစ်ပါတယ်။

"သင်္ခါရ" ဟာ "ဖြစ်-တည်-ပျက်" နဲ့ အလုပ်လုပ်ပါတယ်။ "ဖြစ်-တည်-ပျက်" ဆိုတဲ့ သဘောဟာ . . . "အနိစ္စ" ဖြစ်ပါတယ်။ အခုသိဖို့က . . . "ခန္ဓာငါးပါး"လို့ပြောရင် . . . "အလုပ်ခန္ဓာငါးပါး" ကို ပြောတာဖြစ်ပါတယ်။ အလုပ်ခန္ဓာငါးပါးက . . . "ဖြစ်-တည်-ပျက်" နဲ့ အလုပ်လုပ်နေရပါတယ်။ "ဖြစ်-တည်-ပျက်" သဘောဟာ . . . "အနိစ္စ" သဘောပါပဲ။ ဒီခန္ဓာဟာ . . . အနိစ္စနဲ့ အလုပ်လုပ်နေသော "ခန္ဓာငါးပါး" ဖြစ်ပါတယ်။

မနေ့ကလည်းပြောခဲ့ပါတယ် . . . ဒီဟာကိုကြေမှ "အစွဲခန္ဓာငါးပါး" ကို ဆက်သင်ရပါမယ်။ အခုဖြစ်နေတဲ့ "အလုပ်ခန္ဓာငါးပါး" ကို သေသေချာချာသိပြီးမှ ရှေ့ကိုဆက်သင်လို့ လွယ်ပါမယ်။ အခုသင်နေတာဟာ . . . "အလုပ်ခန္ဓာငါးပါး"အကြောင်းဖြစ်ပါတယ်။

ဒါတွေဟာ . . . ဘာလုပ်ဖို့သင်နေရတာလဲဆိုရင် . . . အလွန်အရေးကြီးတဲ့ ဘဝနဲ့ ပတ်သက်တဲ့အဓိပ္ပာယ်တွေဟာ . . . ဒါတွေပါပဲ။ အခုဘဝအကြောင်းကိုပြောနေတာ ဖြစ်ပါတယ်။ ဘဝအဓိပ္ပာယ်ကို အဟုတ်သိချင်ရင် . . . အလုပ်လုပ်သောစက်တွေလည်နေခြင်းကို သိဖို့လိုပါတယ်။

စက်တွေလည်နေတာကို "MECHANISM" လို့ခေါ်ပါတယ်။ စက်တွေအလုပ်လုပ်နေတာဖြစ်ပါတယ်။ ဒီ MECHANISM ကိုမှ မသိရင် . . . ဒီစက်ကိုမကိုင်နိုင်ပါဘူး၊ မမောင်းနိုင်ပါဘူး။

"အမြင်" ကိစ္စကျတော့လည်း ဒီလိုပါပဲ . . . သို့သော် . . . "အမြင်" ကပိုပြီး အသေးစိတ်တော့ "အသံ" ကိစ္စလောက် . . . သိဖို့ . . . မလွယ်လှပါဘူး။ ဒါပေမယ့် "မြင်ကိစ္စ" လည်း "ဖြစ်-တည်-ပျက်" နဲ့ပဲ အလုပ်လုပ်နေရပါတယ်။ ဒီလိုပါပဲ . . . "ဖြစ်-တည်-ပျက်" နဲ့ပဲ "အရသာစိတ်" လုပ်တယ်။ "ဖြစ်-တည်-ပျက်" နဲ့ပဲ "အနံ့စိတ်" လုပ်တယ်။ "ဖြစ်-တည်-ပျက်" နဲ့ပဲ "အတွေ့စိတ်" လုပ်တယ်။ အဲဒီ "စိတ်" တွေ . . . တကယ်အလုပ်လုပ်တဲ့ နေရာမှာ အလုပ်လုပ်တဲ့အလုပ်ထဲမှာပဲ . . . "သိမှု" . . . "မှတ်မှု" . . . "ခံစားမှု" . . . ဆိုတဲ့ နာမ်ဓာတ်တွေဖြစ်ပေါ်နေပါတယ်။ ဖြစ်ပေါ်လို့လည်း . . . သိတာပါ။ ဖြစ်ပေါ်လို့လည်း . . . မှတ်တာပါ။

ဒီလိုဖြစ်ပေါ်လာတဲ့ သိစိတ်ကလေးတွေဟာ . . . အကျိုးအဖြစ်နဲ့ပေါ်လာလို့ . . . သူတို့ကို "ဝိပါက" လို့ပြောပါတယ်။ အဲဒီအကျိုးများပေါ်ထွက်လာအောင် . . . "ကမ္မသတ္တိ" က ထောက်ပံ့ပေးနေရပါတယ်။ အဲဒီလို ဆက်သွယ်တတ်ဖို့ နည်းပညာပေးနေရပါတယ်။

"ကံ" နှင့် "နာမ်ခန္ဓာ" တို့ ဆက်သွယ်နေကြပါတယ်။ ဒီ နာမ်ခန္ဓာဟာ . . . "အကျိုး နာမ်ခန္ဓာ" ဖြစ်ပါတယ်။ ဒီအကျိုးနာမ်ခန္ဓာထဲမှာ သိမှု၊ မှတ်မှု၊ ခံစားမှု တွေပါနေပါတယ်။

သိ၊ မှတ်၊ ခံစား . . . ဆိုတဲ့သဘောတွေဟာ လူတို့လုပ်တဲ့စက်နဲ့လုပ်လို့မရပါဘူး။ အဲဒါဟာ "နာမ်ခန္ဓာ" တို့၏ ထူးခြားသောသဘာဝဖြစ်ပါတယ်။ အဲဒီထူးခြားသောသဘာဝကို . . . "ကံစွမ်းအား" ကမှလုပ်ပေးနိုင်ပါတယ်။ အဲဒီကျမှ . . . "ကံ" . . . "ကံ" . . . လို့ ပြောနေတဲ့ . . . "ကံ၏အဓိပ္ပာယ်" ကို သိပါတယ်။

ကျွန်တော်တို့ဟာ . . . "သမ္မာသမ္ဗုဒ္ဓ" သင်ပေးထားခဲ့သောပညာများကို သင်ယူနေရပါတယ်။ ဒီပညာမှာမှ . . . "ကံအကြောင်း" . . . "ကံ၏အကျိုး" ဖြစ်သော . . . "ဝိပါကဝိညာဉ်" များ၏အကြောင်းများကို သိရှိရပါတယ်။

အခု "ခန္ဓာ" တွေဖွဲ့လိုက်တော့ . . . သိတဲ့ခန္ဓာ . . . ဝိညာဏက္ခန္ဓာ၊ မှတ်တဲ့ခန္ဓာ . . . သညာက္ခန္ဓာ၊ ခံစားတဲ့ခန္ဓာ . . . ဝေဒနာက္ခန္ဓာ၊ အားထုတ်တဲ့ခန္ဓာ . . . သင်္ခါရက္ခန္ဓာ



ဒီတော့ . . . "မြင်ကိစ္စ" နဲ့ "ကြားကိစ္စ" (၂)ခုမှာ . . . "မျက်စိ" နဲ့ "နား" တို့ အလုပ်လုပ်ကြရာတွင် "သိခြင်း" သဘော "သိညာဏ" က ဦးဆောင်ပါတယ်။ အဲဒီသဘောလေးကို သေသေချာချာကွဲပြားအောင် ထပ်ပြောပါမယ်။

"မြင်စိတ်" . . . "ကြားစိတ်" (၂)ခုမှာသိတဲ့ "ဝိညာဏက္ခန္ဓာ" က ဦးဆောင်ပါတယ်။ အဲဒီကနေတစ်ဆင့် "မျက်စိ" နဲ့ "နား" အပြင် . . . "နှာခေါင်း" . . . "လျှာ" . . . "ကိုယ်" . . . ဆိုတာတွေရှိပါသေးတယ်။

ကိုယ်မှာရှိတဲ့ "အတွေ့"၊ လျှာမှာဖြစ်တဲ့ "အရသာ"၊ နှာခေါင်းမှာဖြစ်တဲ့ "အနံ့" . . . ဆိုတဲ့ ကိစ္စသုံးခုအလုပ်လုပ်ကြပါတယ်။ အလုပ်လုပ်ရာတွင် ဘယ်သူဦးဆောင်ပါသလဲဆိုတော့ . . .

လျှာပေါ်မှာ . . . စားလိုက်တဲ့အစာတွေရောက်လာတော့ အရသာပေါ်ပါတယ်။ ဒီ အရသာကို "ခံစားမှုဝေဒနာ" နဲ့ သိပါတယ်။ အဲဒီကိစ္စမှာ . . . "ဝေဒနာ" က ဦးဆောင်ပါတယ်။ ဒါကြောင့် . . . "အနံ့" . . . "အရသာ" . . . "အတွေ့" ဆိုတဲ့ သုံးမျိုးမှာ "ခံစားမှု" ဖြစ်သော "ဝေဒနာက္ခန္ဓာ" က ဆောင်ရွက်ရပါတယ်။ တစ်ခုနဲ့တစ်ခု လုပ်ပုံသဘောချင်း မတူပါဘူး။

"မြင်ကိစ္စ" . . . "ကြားကိစ္စ" ဆိုတဲ့ ကိစ္စ (၂)ပါးကျတော့ . . . "ဝိညာဏက္ခန္ဓာ" က ဦးဆောင်ပါတယ်။ အဲဒီမှာ . . . "အလုပ်သဘော" နဲ့ သေသေချာချာစဉ်းစားပါ။ ပတ်ဝန်းကျင် ကပြောတဲ့ "အသံတွေ" ကို ကြားပါတယ်။ ပတ်ဝန်းကျင်မှာရှိနေတဲ့ "အဆင်းအာရုံ" တွေကို မြင်ပါတယ်။ ပတ်ဝန်းကျင်နှင့်ဆက်သွယ်သောအခါတွင် "မြင်ကိစ္စ" နှင့် "ကြားကိစ္စ" ကို သုံးပါတယ်။ "မြင်ကိစ္စ" . . . "ကြားကိစ္စ" (၂)ခုဟာ . . . မိမိတစ်ယောက်တည်းမြင်တာလား . . . အများမြင်တာလား . . .။ မိမိတစ်ယောက်တည်းကြားတာလား . . . အများကြားတာလား . . . ဆိုတာ သေသေချာချာစဉ်းစားပါ။

"မြင်ကိစ္စ" . . . "ကြားကိစ္စ" တို့ဟာ အများနှင့်ဆက်သွယ်နေသော သဘာဝတရားဖြစ်ပါတယ်။ အများလည်းမြင်တယ်၊ အများလည်းကြားပါတယ်။

အခုရေးထားတဲ့စာလုံးများကို မြင်ကြတယ်မဟုတ်ပါလား . . .။ "မြင်ကိစ္စ" ကို ဆောင်ရွက်သောအခါ . . . ဒီစာလုံးလေးတွေက . . . မြင်ကိစ္စဖြစ်အောင် အမြင်အာရုံကို ပေးပါတယ်။ "အဆင်း" အာရုံကို ပေးနေပါတယ်။

အဲဒီ "အဆင်းအာရုံ" ရှိတဲ့နေရာ၊ ဒီစာလုံးပုံလေးရဲ့နေရာ . . . ကို သေချာကြည့်ထားပါ။ မိမိမှာရှိတဲ့မြင်ကိစ္စကို ဆောင်ရွက်တဲ့မျက်စိရှိပါတယ်။ အခုမြင်ရတဲ့ဒီ "စာလုံးပုံ" တွေနဲ့ "မျက်စိ"ဟာ ကပ်ရက်လား . . . အဝေးမှာလားဆိုရင် "အဝေး" မှာ ရှိနေကြပါတယ်။

"မြင်ကိစ္စ" ကို ဆောင်ရွက်သောအခါ . . . "အဆင်းရူပါရုံ" သည် အဝေးကနေပြီးတော့ မြင်အောင်ထောက်ပံ့ပါတယ်။ အဲဒီသဘောလေးတွေကို စဉ်းစားရပါမယ်။

ဥပမာ . . . "ကြားစိတ်" ကလေးဖြစ်နေတယ်။ အဲဒါကလည်း . . . အခုစကားပြောနေတဲ့ "ပါးစပ်" နဲ့ နားထောင်တဲ့ "နား" နဲ့ကြားထဲမှာ . . . ဝေးကွာသောဌာနရှိပါတယ်။

အဲဒီတော့ "အကြားအာရုံ" ကိုလည်းပဲ "အသံဓါတ်"က . . . အဝေးမှသယ်ယူလာပြီး . . . ကြားအောင်လုပ်ပေးရပါတယ်။ ဒီတော့ . . . "အကြား" နဲ့ "အမြင်" ဆိုတဲ့အာရုံ (၂)ပါးတို့ဟာ . . . မျက်စိနဲ့နားနဲ့ကပ်ရက်ဖြစ်တာမဟုတ်ပါ။ အဝေးကနေပြီး ထောက်ပံ့ရတာဖြစ်ပါတယ်။

"အာရုံ" နဲ့ "သိစိတ်" တို့ရဲ့ဆက်သွယ်ပုံသဘောမှာ "မြင်စိတ်" နဲ့ "ကြားစိတ်" တို့ဟာ . . . အဝေးကလာသော "အဆင်းအာရုံ" နှင့် အဝေးကလာသော "အသံအာရုံ" ကို မှီပြီးမှ . . . "သိတာ" ပါ။

အခု . . . ပါးစပ်နဲ့ထမင်းစားမယ်။ ထမင်းစားလို့ "အရသာ"တွေပေါ်ပါတယ်။ အဲဒါဟာ "ခံစားမှုဝေဒနာ" ဖြစ်ပါတယ်။ ခံစားမှုဝေဒနာတွေကို မသိဘူးလား သိပါတယ်။ အဲဒီနေရာမှာ အခြားသော နာမ်ခန္ဓာ (၃)ပါးထက် အရသာကိုသိသော . . . ဝေဒနာက ဦးဆောင်ပါတယ်။ ဝေဒနက္ခန္ဓာက ဦးဆောင်ပါတယ်။



ဘယ်အချိန်မှာ "ဖြစ်-တည်-ပျက်" လဲဆိုရင် "ကြားကိစ္စကိုဆောင်ရွက်နေတဲ့အချိန်မှာ "ဖြစ်-တည်-ပျက်" နဲ့ အလုပ်လုပ်သွားရပါတယ်။

အခုလို . . . စကားပြောတဲ့အခါ . . . ပြောတဲ့စကားကလည်းမြန်တယ် . . . တစ်လုံးပြီးတစ်လုံးဆက်သွားပါတယ်။ ဒါတွေကို အကုန်လုံးသိတယ်လို့ထင်ပေမယ်လို့ . . . အဟုတ်တကယ် အလုပ်လုပ်တာကတော့ တစ်လုံးချင်း အလုပ်လုပ်တာပဲဖြစ်ပါတယ်။

ကြားရင်လည်း . . . ကြားတဲ့အထဲမှာ . . . "ဖြစ်-တည်-ပျက်" ပါ ပါတယ်။ ဒါကြောင့် "ဖြစ်-တည်-ပျက်" ကို သေသေချာချာမှတ်ထားဖို့လိုပါတယ်။ "ဖြစ်-တည်-ပျက်" နဲ့ အလုပ်လုပ်တာဖြစ်ပါတယ်။ အလုပ်လုပ်တာဟာ . . . "သင်္ခါရ" ပါ။ "ဖြစ်-တည်-ပျက်" ဆိုတာဟာ . . . တကယ်တော့ "အနိစ္စ" ပါ။ "ပျက်တယ်" ဆိုတာဟာ . . . "အနိစ္စ" သဘောပဲဖြစ်ပါတယ်။

ဒီတော့ . . . "ဖြစ်-တည်-ပျက်" ဆိုတာဟာ "အနိစ္စ" ရဲ့ အဓိပ္ပာယ်ကိုဖော်ဆောင်နေပါတယ်။ အဲဒီတော့ . . . "ဖြစ်-တည်-ပျက်" နဲ့ လုပ်နေတဲ့အလုပ်ကို "သင်္ခါရ" လို့ ခေါ်ပါတယ်။ ဒါကြောင့် "သင်္ခါရ" လို့ခေါ်တဲ့ "အလုပ်" ထဲမှာ "ဖြစ်-တည်-ပျက်" ပါနေပါတယ်။ "ဖြစ်-တည်-ပျက်" ကိုပဲ "အနိစ္စ" လို့ခေါ်ပါတယ်။

ဘာရဲ့ အနိစ္စလဲလို့ . . . ဆိုရင် . . . "သင်္ခါရ" ရဲ့ အနိစ္စ" . . . ဖြစ်ပါတယ်။ ဒီတော့ . . . "သင်္ခါရ" ဆိုတာလုပ်ရင် "အနိစ္စ" နဲ့ပဲ အလုပ်လုပ်ရပါတယ်။ "အနိစ္စ" ဟာ "ဖြစ်-တည်-ပျက်" ပါပဲ။ အဲဒီလို . . . သဘာဝတရားတို့ရဲ့လုပ်ငန်းစဉ်ကို . . . အကွက်ကျကျ သိဖို့လိုပါတယ်။ ဒါကြောင့်မို့ ဒီပညာတွေကို သင်ယူနေရပါတယ်။

"သင်္ခါရ" . . . "အနိစ္စ" လို့ ရွတ်နေပေမယ့် "သင်္ခါရ အနိစ္စ" ရဲ့ အဓိပ္ပာယ်ကို မသိပါဘူး။ အခုလိုသင်ပေးလိုက်တော့မှ သိလာပါတယ်။ ဒါဟာ "ကြားခြင်း" ကိစ္စပေါ်မှာ အခြေခံပြီး သဘောပေါက်အောင်ရှင်းပြနေခြင်းဖြစ်ပါတယ်။ "စကားလုံး" တွေပေါ်မှာ . . . မိမိဉာဏ်ကနောက်ကလိုက်ပြီး စဉ်းစားရင် သိနိုင်ပါတယ်။

အခု . . . "ကြားစိတ်" ဖြစ်နေတာဟာ "ဝိပါကစက်" လည်နေတာဖြစ်ပါတယ်။ အဲဒီ "လည်ပုံ" လေးကို သေသေချာချာကြည့်ကြရအောင် . . . အခုပြောနေတာဟာ . . . "စကားလုံး" တွေပါပဲ၊ ဒီစကားလုံးတွေကိုကြားနေတယ် . . . ဒါကြောင့် "ကြားစိတ်" ဖြစ်ပေါ်ပါတယ်။ ဒါဟာ PROPER ANALYSIS ခေါ်တဲ့ "စနစ်နဲ့ ခွဲခြမ်းစိတ်ဖြာ၍စဉ်းစားနေတာဖြစ်ပါတယ်။ အဲဒီမှာ . . . သေချာပြောပြပါမယ် . . . "စ" ရယ် ၊ "ကား" ရယ်၊ "လုံး" ရယ် ကို မြန်မြန် ပြောလိုက်တော့ . . . "စကားလုံး" ဆိုပြီး . . . တစ်ချက်တည်း (တစ်ခါတည်း) ပေါ်လာပါတယ်။

သို့ပေမယ့်လို့ . . . "နား" ကဖမ်းယူတဲ့ အချိန်မှာ . . . "စ" ဆိုတဲ့ အသံတစ်ခု . . . "ကား" ဆိုတဲ့ အသံတစ်ခု၊ "လုံး" ဆိုတဲ့ အသံတစ်ခု . . . ဆိုပြီး . . . တစ်ခုပြီးမှ တစ်ခုဖြစ်ပေါ်လာပါတယ်။ အဲဒီသုံးလုံးကိုတွဲလိုက်တော့မှ . . . "စကားလုံး" ဖြစ်လာရပါတယ်။

အဟုတ်တကယ် အလုပ်လုပ်တုံးက . . . "စ" ဆိုတဲ့ အသံလေးက "ဖြစ်ပေါ်" လာတယ်။ ပြီးတော့ "တည်တယ်" . . . ပြီးတော့ . . . "ပျက်တယ်" . . .။ "တည်မှ အဓိပ္ပာယ်ကို ဖမ်းလို့ရပါတယ်။

"ဖြစ်" ရယ်၊ "တည်" ရယ်၊ "ပျက်" ရယ် . . . သုံးခုဖြစ်စဉ်မှာ . . . "တည်" ဆိုတဲ့ အချိန်အခိုက်မှာမှ "အဓိပ္ပာယ်" ကိုဖမ်းလို့ရပါတယ်။

ဒီတော့ . . . "စ" ဆိုတဲ့ စကားလုံးတစ်လုံးထဲမှာ " ဖြစ်-တည်-ပျက်" ပါနေပါတယ်။ "ကား" ဆိုတဲ့ အထဲမှာလည်း "ဖြစ်-တည်-ပျက်" ပါတယ်။ "လုံး" ဆိုတဲ့ အထဲမှာလည်း "ဖြစ်-တည်-ပျက်" ပါတယ်။ အဲဒီတော့ . . . ဒီစက်လည်တဲ့အထဲမှာ . . . ဘာနဲ့အလုပ်လုပ်နေတာလဲ . . . "ဖြစ်-တည်-ပျက်" နဲ့ပဲ အလုပ်လုပ်နေရပါတယ်။ ဒီတော့ . . . "ဖြစ်-တည်-ပျက်" လို့ပြောနေတဲ့ စကားလုံးဟာ . . . အဟုတ်တကယ် "ဖြစ်-တည်-ပျက်" ရှိနေတာကို ပြောတာဖြစ်ပါတယ်။



အဲဒီအရသာကိုထုတ်ဖော်ပေးတဲ့ ထမင်းဝါးဖတ်နဲ့ "လျှာ"နဲ့ဟာ အဝေးကြီးမဟုတ်ပါဘူး။ အနီးလေးဖြစ်ပါတယ်။ ကပ်ရက်ဖြစ်ပါတယ်။ "အဆင်းအာရုံ" . . . "အသံအာရုံ" . . . တို့နှင့် ဒီအရသာအာရုံတို့ . . . အလုပ်လုပ်ပုံချင်း မတူကြပါဘူး။ အဲဒါကို ဉာဏ်ထဲမှာ ပေါ်အောင် သေသေချာချာစဉ်းစားပေးပါ။

အဲဒီလိုပါပဲ . . . ဒီအတွေ့အာရုံ . . . ဟာလည်းပဲ တွေ့ထိခံစားရသော . . . "ဖောဋ္ဌဗ္ဗအာရုံ" နှင့် ဒီ "အရေပြား" တို့ တိုက်ရိုက်ထိမှ ထိမှန်းသိပါတယ်။ ထိမှန်းကို . . . "ခံစားမှု" "ဝေဒနာ" နဲ့သိပါတယ်။ ဒီတော့ "အတွေ့အာရုံ"မှာလည်း "ဝေဒနာ" က ဦးဆောင်ပါတယ်။

"ဝေဒနာ" ဖြစ်အောင် လုပ်ပေးတဲ့ ဝတ္ထုပစ္စည်းနှင့် "အကြည်ရုပ်" တို့ဟာ . . . အဝေးကြီးလား၊ အနီးလေးမှာလား . . .။ အကြည်ရုပ်နဲ့ဝတ္ထုပစ္စည်းတို့ဟာ ကပ်ရက်ဖြစ်ကြပါတယ်။

ဒီလိုပါပဲ . . . အနံ့ကိစ္စမှာလည်း . . . နှာခေါင်းနှင့် လေထဲမှာပါတဲ့ အနံ့ဓါတ်တွေ ထိမှ အနံ့ရပါတယ်။ ဒီအနံ့ကို "ခံစားမှု" "ဝေဒနာ" နဲ့သိတာ ဖြစ်ပါတယ်။

ကိစ္စများကို ဆောင်ရွက်ရာတွင် သူ့အကြည်ရုပ်နဲ့ သူ့အလုပ် သူလုပ်ကြပါတယ်။ မျက်စိအကြည်ရုပ်က . . . မြင်ကိစ္စ၊ နားအကြည်ရုပ်က . . . ကြားကိစ္စ၊ နှာခေါင်းအကြည်ရုပ်က . . . အနံ့ကိစ္စ၊ လျှာအကြည်ရုပ်က . . . အရသာကိစ္စ၊ ကိုယ်အကြည်ရုပ်က . . . အတွေ့ကိစ္စ . . . အဲဒီမှာ "အကြား" နဲ့ "အမြင်" က အဝေးကဆက်သွယ်ရပါတယ်။ အနံ့၊ အရသာ နှင့် အတွေ့ကကပ်၍ဆက်သွယ်ပါတယ်။ (အနီးကဆက်သွယ်တယ်)။

မြင်ကိစ္စ . . . ကြားကိစ္စ တွေကို ဆောင်ရွက်ပေးနေတာဟာ . . . "ဝိပါကစက်" ဖြစ်ပါတယ်။ "ဝိပါကဝဋ်" လို့လည်း ခေါ်ပါတယ်။

အဲဒီမှာ "ဝိပါက" ကို "အကျိုးစိတ်" လို့ ပြောပါမယ်။ အလုပ်ကိုပြန်ခွဲပြရရင် . . . မြင်စိတ်ဖြစ်ဖြစ် . . . ကြားစိတ်ဖြစ်ဖြစ် . . . အနံ့စိတ်၊ အရသာစိတ်၊ အတွေ့စိတ်ဆိုတဲ့ ဒီ (၅) မျိုးစလုံးမှာ . . . "ဝိညာဏက္ခန္ဓာ" နဲ့ သိအောင်လုပ်တယ်။

"သညာက္ခန္ဓာ" နဲ့ မှတ်တယ်၊ "ဝေဒနာက္ခန္ဓာ" နဲ့ ခံစားတယ်၊ "သင်္ခါရက္ခန္ဓာ"နဲ့ အားထုတ်ပါတယ် . . . အဲဒီလေးမျိုးစလုံးတွဲပြီး "စိတ်အလုပ်" ကို လုပ်ကြပါတယ်။ သိခြင်းသဘော၊ မှတ်ခြင်းသဘော၊ ခံစားခြင်းသဘော၊ အားထုတ်ခြင်းသဘော စသည်တို့အားလုံး အလုပ်လုပ်ကြပါတယ်။ လေးမျိုးစလုံးအလုပ်လုပ်တာဖြစ်ပါတယ်။ ဒီကိစ္စကြီးတစ်ခုလုံး အလုပ်လုပ်နေတာကို "ဝိပါကဝဋ္ဋ" လို့ ခေါ်ပါတယ်။ အကျိုးဖြစ်သော "နာမ်ခန္ဓာ" တွေ ထွက်ပေါ်လာအောင် . . . လုပ်ပေးပါတယ်။

"နာမ်ခန္ဓာ" လို့ ခေါ်လိုက်တဲ့အခါကျတော့ သိတဲ့အဖွဲ့ . . . ဝိညာဏက္ခန္ဓာ၊ မှတ်တဲ့အဖွဲ့ . . . သညာက္ခန္ဓာ၊ ခံစားတဲ့အဖွဲ့ . . . ဝေဒနာက္ခန္ဓာ၊ အားထုတ်တဲ့အဖွဲ့ . . . သင်္ခါရက္ခန္ဓာ . . . တို့ဟာ "နာမ်ခန္ဓာ" "အဖွဲ့" တွေ ဖြစ်ပါတယ်။

"သိ" တဲ့သဘောလေးဟာ . . . အကျိုးအဖြစ်နဲ့ပေါ်တဲ့ "သိမှု"။ ထို့အတူ . . . အကျိုးအဖြစ်နဲ့ပေါ်တဲ့ "မှတ်မှု"။ အကျိုးအဖြစ်နဲ့ပေါ်တဲ့ "ခံစားမှု"။ အကျိုးအဖြစ်နဲ့ပေါ်တဲ့ "အားထုတ်မှု" တို့ပဲ ဖြစ်ပါတယ်။

"အကျိုး" ကို. . . "ဝိပါက" လို့ ခေါ်ပါတယ်။

"ဝိပါက" နဲ့ "ဝိညာဏ်" တွဲလိုက်ရင် . . . "ဝိပါကဝိညာဏက္ခန္ဓာ" ဖြစ်လာပါတယ်။

"ဝိပါကဝိညာဏက္ခန္ဓာ" ဆိုတာဟာ . . . အကျိုးအဖြစ်နဲ့ပေါ်လာသောသိအဖွဲ့ . . . ကို ဆိုလိုပါတယ်။ အဲဒီအတိုင်းပါပဲ . . . "သညာ" ကလည်း . . . "ဝိပါကသညာက္ခန္ဓာ" ဖြစ်လာတော့ သူလည်းပဲ "အကျိုးအဖြစ်နဲ့ပေါ်လာသောမှတ်အဖွဲ့" ဖြစ်ပါတယ်။

"ခံစားမှု" ကလည်း "ဝိပါကဝေဒနက္ခန္ဓာ" . . . "အားထုတ်မှု" ကလည်း "ဝိပါကသင်္ခါရက္ခန္ဓာ" စသည်ဖြင့် . . . ဖြစ်ပေါ်လာကြပါတယ်။

ဟောဒီမှာ . . . "ဝိညာဏ်" ဆိုတဲ့ ဓါတ်တစ်ပါး၊ "သညာ"ဆိုတဲ့ ဓါတ်တစ်ပါး။ "ဝေဒနာ" ဆိုတာလည်း ဓါတ်တစ်ပါး . . . ဖြစ်ပါတယ်။

"သင်္ခါရ" ဆိုတဲ့ အားထုတ်မှုကို ဆောင်ရွက်ပေးတဲ့ သဘာဝကိုတော့ . . . "စေတနာ" လို့ ခေါ်ပါတယ်။



ဒီနာမ်ဓါတ်တွေရဲ့ . . . သိတဲ့သဘော၊ မှတ်တဲ့သဘော၊ ခံစားတဲ့သဘောတွေကို အဟုတ်သိလာပါမယ်။ ပါးစပ်ကပြောတော့သာလွယ်နေတာပါ။ အဟုတ်လက်တွေ့လေ့လာတဲ့အခါကျတော့ . . . ကျယ်လည်းကျယ်ဝန်းပါတယ်။ သိဖို့လည်းခက်ခဲပါတယ်။ သို့သော်လည်း . . . အခုသင်ပေးနေတဲ့အခြေခံပညာကိုရရင် . . . ဆက်ပြီးတော့ စဉ်းစားနိုင်ပါမယ်။

စဉ်းစားနိုင်တဲ့စွမ်းအားဆိုတဲ့ . . . ဉာဏ်အားရှိရပါမယ်။ ဉာဏ်အားက . . . ပညာရှိမှတက်ပါမယ်။ ပညာကျတော့ သင်ယူမှတတ်ပါတယ်။

"သင်္ခါရ"ဆိုတဲ့ ပါဠိစကားဟာ "အလုပ်" ပါ။ အလုပ်ဆိုတာဟာ စက်သဘောနဲ့ "လည်" နေပါတယ်။ စက်တွေလည်နေမှ စက်ကအလုပ်လုပ်ပါတယ်။ အင်ဂျင်တစ်ခုကို နှိုးလိုက်ရင် . . . စက်ကလည်မှ အလုပ်လုပ်ပါတယ်။ အဲဒီလို "လည်တဲ့သဘော" လေးကို. . . "FUNCTION" လို့ခေါ်ပါတယ်။

"FUNCTION" ဆိုတာ "သင်္ခါရ" ကိုပြောတာပါ။ လည်နေတဲ့သဘောလေးပါပဲ။ စက်ကိုလည်အောင်လုပ်ဖို့အတွက် . . . "စွမ်းအား" လိုပါတယ်။ "ENERGY" လိုပါတယ်။ စက်ဆိုတာမှာ "လည်ခြင်းသဘော" ရှိပါတယ်။ လည်ဖို့ . . . "စွမ်းအား" ရှိရပါမယ်။ အခု . . . "နာမ်စွမ်းအား" တွေ စက်အဖြစ်နဲ့လည်ဖို့ကျတော့ . . . အထူးဖြစ်သော "ကံစွမ်းအား" က အထောက်အပံ့ပေးရပါမယ်။ အဲဒီကံစွမ်းအား၏ အထောက်အပံ့ရလို့သာလျှင် . . . "သိစိတ်၊ မြင်စိတ်" ဆိုတဲ့ စက်တွေလည်နိုင်ရခြင်းဖြစ်ပါတယ်။ ဒီလိုလည်တာကို "သင်္ခါရ" လို့ခေါ်ပါတယ်။ အဲဒီမှာ တစ်ဆင့်တက်ပြီးတော့ . . . သေသေချာချာ နားလည်အောင်ပြောရမယ့်အချက်ရှိပါသေးတယ်။

အခု . . . FUNCTION ခေါ်တဲ့ . . . လည်နေတာ အလုပ်လုပ်နေတာကိုတော့ သိကြပါပြီ။ အဲဒီလို "လည်တယ်" . . . "အလုပ်လုပ်တယ်" ဆိုတဲ့အထဲမှာ သေသေချာချာ ကြည့်ပါ . . . တစ်ဆင့်တက်၍ ဉာဏ်ကိုသုံးပြီး "လည်ခြင်း" အကြောင်းကို စဉ်းစားပါမယ်။

"သိအား" . . . "မှတ်အား" ဟာ . . . "ကံစွမ်းအား" ကြောင့်ဖြစ်တာပါ။ ဒီကံစွမ်းအားဟာ . . . စဉ်ဆက်မပြတ်ထောက်ပံ့ပေးနေရပါတယ်။

စကားတစ်လုံးစီထဲမှာ ထူးခြားသောအဓိပ္ပာယ်ပါတာကို ထူးခြားမှန်းသိရပါမယ်။ ဒါဟာ ပညာဖြစ်ပါတယ်။ ပညာသင်တယ်ဆိုတာဟာ ဒီလိုသင်မှ ပညာ၏အကြောင်းကို သိပါမယ်။ အချက်အလက်ကို တိကျမှန်ကန်စွာ စီစစ်တတ်ရပါမယ်။ အချက်အလက်တွေ ပူးပေါင်း၍လုပ်ငန်းဖော်တာကိုလည်းသိဖို့ လိုပါတယ်။ လုပ်ငန်းကြောင့်ဖြစ်ပေါ်လာသော အကျိုးတွေကိုလည်း သိနေရပါမယ်။

ပညာသင်တယ်ဆိုတာဟာ . . . ဒေသနာက. . . ဒီလိုကို တိတိကျကျ၊ ပိုင်းပိုင်းခြားခြား . . . သင်ပေးထားပါတယ်။ ဒီတော့ ဘာထူးသလဲဆိုရင် . . . ဒီအကြောင်းအရာတွေကို မသင်ရခင်တုံးက . . . ဗုဒ္ဓဘာသာဖြစ်နေလို့ . . . ကံ . . . ကံ. . . လို့ပြောနေကြတာကို ကြားဖူးနေပါတယ်။ "စိတ်" လို့ ပြောနေတာကိုလည်း ကြားဖူးခဲ့ပါတယ်။ မြင်မှန်းလည်း သိတယ်၊ ကြားနေမှန်းလည်းသိခဲ့ပါတယ်။

သူတို့ဟာ ဘယ်ပုံဆက်သွယ်ပြီး ဘယ်ပုံအလုပ်လုပ်နေတယ်တဲ့ပညာကို မသင်ဖူးသေးခင်တုန်းက . . . စိတ်ဖြစ်ပုံ၊ စိတ်၏စွမ်းအား၊ ဒီလိုစိတ်စွမ်းအားတွေ ထွက်လာအောင် ထောက်ပံ့နေတဲ့ "ကံစွမ်းအား" . . . များအကြောင်းကို မသိခဲ့ရပါဘူး။ အခုလို သင်ပေးမှသာ သိရပါတယ်။

သင်ယူတာဟာ . . . "ပညာ" ဖြစ်ပါတယ်။ အဲဒီပညာကိုရမှ . . . နောက်တစ်ဆင့် . . . တက်၍ "ကိုယ်ပိုင်ဉာဏ်နဲ့စဉ်းစားနိုင်မယ့် ဉာဏ်အား". . . ရအောင်လုပ်ရပါမယ်။ ပညာရှိပါမှ . . . စဉ်းစားနိုင်တဲ့စွမ်းအားရှိပါမယ်။

အရေးကြီးနေတာက . . . ကိုယ်ပိုင်ဉာဏ်နဲ့ ဒီသဘာဝတွေကိုဆက်၍ စဉ်းစားနိုင်အောင် ဒီပညာတွေကို သင်ပေးနေရခြင်းဖြစ်ပါတယ်။ ဒါက . . . အတိုချုပ်မှတ်စုလေးတွေပဲ . . . သင်ပေးနေရပါတယ်။ အကျယ်ကိုတော့ . . . မိမိတို့ရဲ့ကိုယ်ပိုင်ဉာဏ်နဲ့ပဲ စဉ်းစားကြပါ။ ဖြန့်ပြီးတော့ စဉ်းစားပါ။ စဉ်းစားရင် . . .



"သင်္ခါရ" ဆိုတဲ့ အားထုတ်မှုဖြစ်အောင် လုပ်ပေးတဲ့နာမ်ဓါတ်ဟာ . . . "စေတနာ" နာမ်ဓါတ်ပဲ ဖြစ်ပါတယ်။

ဒီတော့ . . . စေတနာနဲ့ သင်္ခါရတို့ကို တွဲတွဲပြီးတော့ . . . "စေတနာသင်္ခါရ" လို့ ခေါ်ကြပါတယ်။ အခု "ဝိပါကဝဋ်" မှာ ဖြစ်ပေါ်နေသော "သိအဖွဲ့" "မှတ်အဖွဲ့" "ခံစားအဖွဲ့" "အားထုတ်အဖွဲ့" . . . လေးခုစလုံးဟာ . . . "အကျိုး" အဖြစ်နဲ့ ပေါ်လာတာဖြစ်ပါတယ်။

"ဝိပါက" ဆိုတဲ့ အကျိုးဆိုတာဖြစ်ပေါ်ဖို့အတွက် . . . "အကြောင်း" ရှိရပါမယ်။ အဲဒီ "အကြောင်းတရား" ကဘာလဲ . . .

အကျိုးစိတ်တွေဖြစ်ဖို့ (လိုအပ်တဲ့) အကြောင်းတရားက "ကမ္မသတ္တိ" ဖြစ်ပါတယ်။ ဒီ "ကမ္မသတ္တိ"က အကျိုးအဖြစ်ပေါ်လာအောင် အထောက်အပံ့ပေးနေရပါတယ်။

"သတ္တိ" ဆိုတဲ့စကားလုံးကို မြန်မာလိုပြောရင် . . . "စွမ်းအား" ပါ . . . "ကံစွမ်းအား" လို့ ပြောပါတယ်။

"ကံစွမ်းအား" က ထောက်ပံ့ပေးလို့ထွက်ပေါ်လာတဲ့ "နာမ်အဖွဲ့" ကို "ဝိပါကနာမ်အဖွဲ့" လို့ ခေါ်ပါတယ်။ "ဝိပါကနာမ်အဖွဲ့" ထဲမှာ ပါဝင်သောအဖွဲ့များကတော့ . . . "သိအဖွဲ့"၊ "မှတ်အဖွဲ့"၊ "ခံစားအဖွဲ့"၊ "အားထုတ်အဖွဲ့" ဆိုတဲ့ လေးဖွဲ့စလုံးပါဝင်ကြပါတယ်။ ဒါတွေဟာ အကျိုးအဖြစ်နဲ့ပေါ်ထွက်လာတာဖြစ်ပါတယ်။ အကြောင်းကတော့ . . . "ကံစွမ်းအား"ဆိုတဲ့ "ကမ္မသတ္တိ" ဖြစ်ပါတယ်။

သေသေချာချာ ဉာဏ်နဲ့စဉ်းစားရမယ့်အချက်ရှိပါတယ်။ ဘာလဲဆိုရင်. . . အဲဒီ သိတဲ့သဘော . . . မှတ်တဲ့သဘော . . . ခံစားတဲ့သဘော . . . အားထုတ်တဲ့သဘော. . . ဆိုတဲ့ လေးမျိုးလုံးကို . . . "နာမ်ခန္ဓာ" က ဘာလုပ်နိုင်သလဲဆိုရင် . . . "သိ"အောင်လုပ်နိုင်တယ်။ "မှတ်" နိုင်တယ်၊ "ခံစားမှု" ကို ထုတ်ဖော်နိုင်တယ်။ "အားထုတ်မှု" ကို လည်း လုပ်နိုင်ပါတယ်။

အဲဒီလိုလုပ်တာ “နာမ်ခန္ဓာအဖွဲ့” ပဲ ဖြစ်ပါတယ်။ “နာမ်ခန္ဓာ”ထဲမှာပါတဲ့ . . . “သိတဲ့သဘော”လေးကို ကိုယ့်ဉာဏ်နဲ့သေသေချာချာ . . . စဉ်းစားရပါမယ်။ “သိတယ်ဆိုတာဟာ . . . ဘာလဲ . . . ”

“သိသောစိတ်က အလုပ်လုပ်တယ်”၊ “စိတ်ကဘာကိုသိတာလဲ” . . .၊ “စိတ်က . . . အာရုံ . . . ကို သိပါတယ်”၊ “မြင်စိတ်” က အဆင်းအာရုံကို သိတယ်၊ “ကြားစိတ်” က အသံအာရုံကို သိတယ်၊ “အနံ့စိတ်” က အနံ့ကို သိတယ်၊ “အရသာစိတ်” က အရသာကို သိတယ်၊ “အားထုတ်စိတ်” က . . . အားထုတ်ပေးတယ်။ အဲဒီသဘောမှာ . . . “သိခြင်း” “မှတ်ခြင်း” တို့ဟာ . . . စိတ်ရဲ့ “စွမ်းအား” ဖြစ်ပါတယ်။ “နာမ်စွမ်းအား” . . . ဖြစ်ပါတယ်။ အဲဒီစွမ်းအားတွေ ကိုယ်မှာရှိနေကြပါတယ်။

“သိတဲ့သဘော” . . . “မှတ်တဲ့သဘော” . . . ကို သေသေချာချာစဉ်းစားကြည့်စမ်းပါ။ အခုလို “စကား” ပြောရင် . . . အသံလှိုင်းတွေ ထွက်လာပါတယ်။ “နား” . . . “အသံလှိုင်း” တို့ ရိုက်ခတ်မှု “ကြားခြင်း” ဖြစ်ပါတယ်။

“နား” နဲ့ “အသံလှိုင်း” က ရုပ်တရားအဖြစ်နဲ့ “ကြားစိတ်” ကို ထောက်ပံ့ပေးပါတယ်။

သို့ပေမယ်လို့ . . . ကြားစိတ်ထဲမှာပါတဲ့ “သိတဲ့သဘော” . . . “မှတ်တဲ့သဘော”ဟာ “နာမ်ဓါတ်” ဖြစ်ပါတယ်။ နာမ်ဓါတ်ဆိုတာဟာ “အသံလှိုင်း” နဲ့လည်း မတူပါဘူး။ “နားအကြည်ရုပ်” နဲ့လည်း မတူပါဘူး။

အသံထဲမှာပါလာတဲ့ “စကားလုံး”တွေကို “သိတယ်” . . . “မှတ်တယ်” . . . ။ အဲဒီလို “သိမှု-မှတ်မှု” ဟာ . . . “နာမ်ဓါတ်” ဖြစ်ပါတယ်။ အဲဒီ “နာမ်ဓါတ်” ကို “စက်”နဲ့ ထုတ်လို့ မရပါဘူး။ အဲဒီအချက်ကို နားလည်အောင် သေသေချာချာစဉ်းစားရပါမယ်။ “သိအား-မှတ်အား” တို့ဟာ . . . နာမ်ဓါတ်ဖြစ်ပါတယ်။ မိမိပြုခဲ့သောကံစွမ်းအားက . . . “သိမှု”၊ “မှတ်မှု” ဆိုသော “နာမ်ဓါတ်” တွေကို ထုတ်ဖော်ပေးပါတယ်။ အဲဒီ “နာမ်ဓါတ်” တွေဟာ သိခြင်း၊ မှတ်ခြင်းဆိုတဲ့ သဘာဝတရားမျိုးကို . . . လူတို့ တီထွင်သောစက်နဲ့လုပ်လို့ မရပါဘူး။ “ကံစွမ်းအား” ကမှသာ လုပ်ပေးနိုင်ပါတယ်။



“နာမ်ဓါတ်”တွေ “အလုပ်လုပ်” နေတာကို “သင်္ခါရ” လို့ ခေါ်ပါတယ်။ “နာမ်သင်္ခါရ” ဖြစ်ပါတယ်။ အခု “မြင်စိတ်”ကလေးဖြစ်နေတာကို “သိ” ပါတယ်။ “ကြားစိတ်” ကလေးတွေ ဖြစ်နေတာလည်းသိတယ်။ အခုလို ပြောနေတဲ့ “အသံ” တွေကိုလည်း ကြားနေတယ်။ ကြားနေတာတွေကို “သိ” တယ်။ အဲဒါတွေဟာ အလုပ်လုပ်နေတာဖြစ်ပါတယ်။

ကြားခြင်းသဘော၊ မှတ်နိုင်ခြင်းသဘော၊ ခံစားနိုင်ခြင်းသဘော၊ အားထုတ်နိုင်ခြင်းသဘော . . . ဆိုတဲ့ “နာမ်ဓါတ်” တွေ ထွက်လာအောင် . . . “ကြားစိတ်”၊ “မြင်စိတ်” တွေ ထွက်လာအောင် . . . “ကမ္မသတ္တိ” က ထောက်ပံ့ပေးနေပါတယ်။ ဒီ “ကမ္မသတ္တိ” ဆိုတာကို သေသေချာချာ ဉာဏ်နဲ့ဆင်ခြင်ကြည့်ရပါမယ်။

“ကံ” ကို မမြင်ရသော်လည်း . . . ကံ၏အကျိုးဖြစ်သော “ဝိပါက” ကို သိပါတယ်။ အကျိုးဖြစ်သော “သိစိတ်” . . . ကို “ဝိပါကဝိဉာဏ်” လို့ ခေါ်ပါတယ်။ ဒီလို . . . “ဝိပါကဝိညာဏ”လေးတွေ အဟုတ်ဖြစ်နေတာကိုတော့ သိနေပါတယ်။ ဒီ ဝိပါကဝိညာဏကို “စက်” နဲ့ ထုတ်လုပ်လို့မရဘူးဆိုတာကို သိလာပါပြီ။ ဒီအချက်ကလေးကို သေသေချာချာ ပိုင်အောင် ကြည့်ရပါမယ်။

“သိစိတ်” ကလေးထွက်လာအောင် စက်နဲ့လုပ်လို့မရပါဘူး။ မှတ်တဲ့စွမ်းအားပေါ်အောင် စက်နဲ့လုပ်လို့မရတဲ့သဘာဝဟာ . . . ဘယ်သူရဲ့အစွမ်းကြောင့် ထွက်လာတာလဲ ဆိုရင် . . . “ကံစွမ်းအား” ကြောင့် ထွက်လာရတာပဲဖြစ်ပါတယ်။

“ကံစွမ်းအား” နဲ့လုပ်ထားတဲ့အလုပ်ဟူမသျှဟာ . . . စက်နဲ့လုပ်လို့မရပါဘူး။ ဒီတော့ အကျိုးဖြစ်သော “ဝိပါကစက်ကြီး” ကို မြင်ပါပြီ။ အကြောင်းဖြစ်သော “ကမ္မသတ္တိ” ရှိနေတယ်။ အဲဒီ “ကမ္မသတ္တိ” ဟာ မိမိ၏ခန္ဓာငါးပါးမှာ ဝန်းရံနေပါတယ်။

ဒီကံစွမ်းအားတွေက စဉ်ဆက်မပြတ်ထောက်ပံ့ပေးနေပါတယ်။ အဲဒါကို ဘယ်လိုလုပ်ပြီး သိရမှာလဲဆိုရင် . . . “အသံလှိုင်း”လာတိုင်း “ကြားစိတ်” ကလေးတွေ ဖြစ်ပါတယ်။ အဆင်းရူပါရုံ (အလင်းလှိုင်း) ရိုက်ခတ်တိုင်း “မြင်စိတ်” ကလေးတွေဖြစ်တယ်။ အဲဒီအထဲမှာပါတဲ့

တာက "နာမ်ဓါတ်" တွေ "အလုပ်လုပ်" နေပါတယ်။ အဲဒီလို "အလုပ်လုပ်" နေတယ်ဆိုတာဟာ "စက်ကြီး" လည်နေတာပါ။ အဲဒါကိုပဲ "သင်္ခါရ" လို့ ခေါ်ပါတယ်။

အဲဒီသဘောတွေကို သေသေချာချာသိဖို့လိုပါတယ်။ နာမ်ဓါတ်တို့ရဲ့သဘာဝမှာ "နာမ်ဓါတ်" တွေ "လည်"နေတာကို . . . "နာမ်သင်္ခါရ" လို့ခေါ်ပါတယ်။ "နာမ်ဓါတ်" တွေ အလုပ်လုပ်နေတယ်ဆိုတာဟာ . . . "စိတ်" အလုပ်လုပ်နေတာပဲ ဖြစ်ပါတယ်။

"စိတ်" အလုပ်လုပ်နေတာကို "နာမ်သင်္ခါရ" လို့ ခေါ်ပါတယ်။

စိတ်အလုပ်လုပ်တဲ့အထဲမှာ "သိအောင်လည်း" လုပ်တယ်။ "မှတ်မိအောင်" လည်း လုပ်တယ်။ "ခံစားမှုပေါ်လာအောင်"လည်းလုပ်တယ်။ အဲဒါတွေဟာ "စိတ်" ရဲ့အလုပ်ပဲ ဖြစ်ပါတယ်။ ဒါကြောင့် . . . "စိတ်အလုပ်" ကို "နာမ်သင်္ခါရ" လို့ ခေါ်ပါတယ်။

စကားလုံးနဲ့အဓိပ္ပာယ်ဆက်စပ်မိမှ သဘောကို သိပါမယ်။ ဗုဒ္ဓဘာသာဖြစ်လို့ . . . ဒီစကားလုံးတွေကို ထပ်ကာတလဲလဲကြားဖူးနေသော်လည်း . . . တစ်လုံးချင်း၏အဓိပ္ပာယ်ကို တိတိကျကျသိဖို့၊ တစ်လုံးနဲ့တစ်လုံးဆက်သွယ်တဲ့အခါမှာ . . . ထူးခြားတဲ့အဓိပ္ပာယ်တွေလည်း ပေါ်လာတာကိုလည်းသိဖို့ ကြိုးစားကြရပါမယ်။

အခု . . . "အလုပ်"ဆိုတာနဲ့ "သင်္ခါရ" နဲ့တွဲနေပါတယ်။ အလုပ်က စက်လည်သလို "လည်" နေတာပါ။ ဒီသဘောတွေကို နားလည်အောင် သင်ပေးနေရတဲ့အချက်က . . . ဘာလဲဆိုရင် . . . မိမိမှာရှိနေသော "ဘဝ၏အကြောင်း" ကို သေသေချာချာ ပိုင်းခြားစီစစ်တတ်ဖို့အတွက် အခြေခံအချက်အလက်များကို နားလည်အောင်သင်ပေးနေပါတယ်။ အခြေခံအချက်အလက်တွေထဲမှာပါတဲ့ အကြောင်းအရာတွေကိုလည်းသိဖို့ လိုအပ်နေပါတယ်။ အဲဒါတွေကိုသိမှ "သဘာဝ" ကို သိနိုင်ပါတယ်။

"သဘာဝ" ဆိုတာ . . . "ဓမ္မသဘာဝ" ကို ပြောတာပါ။ "ဓမ္မသဘာဝ" ဆိုတာကလည်း "ဓါတ်သဘာဝ" ပါပဲ။ အခုသင်နေတာဟာ . . . "နာမ်ဓါတ်" ဖြစ်ပါတယ်။ နာမ်ဓါတ်တို့ရဲ့သဘာဝ၊ နာမ်ဓါတ်တွေအလုပ်တွေလုပ်နေတာကို သင်ပေးပါတယ်။



"သိခြင်း-မှတ်ခြင်း" နဲ့ "ကံစွမ်းအား" နဲ့ ဆက်နေပါတယ်။ ကံစွမ်းအားကလုပ်ပေးမှ "သိမှု" ပေါ်ပါတယ်။ "သိမှု" ကို ကိုယ်တိုင်သိပါတယ်။ "ကြားတာ" . . . သိတယ်၊ "မြင်တာ" ကို သိတယ်။ သို့သော် . . . အဲဒီ "သိမှု"လေး ပေါ်လာသောအကြောင်းအရာသည် . . . "ကံစွမ်းအား"၏ ထောက်ပံ့ပေးနေခြင်းကြောင့် ဖြစ်ပါတယ်။ အဲဒီ "ကံစွမ်းအား" ရဲ့ ထူးခြားမှုက . . . "စက်" နဲ့ မလုပ်နိုင်သောအလုပ်ကို "ကံ" က လုပ်ပေးပါတယ်။

"သိခြင်း၊ မှတ်ခြင်း" ဆိုတဲ့နာမ်ဓါတ်ကို ကံစွမ်းအားကသာလျှင် ထုတ်ပေးနိုင်ပါတယ်။ အဲဒါကို သေသေချာချာနားလည်မှ "ကံစွမ်းအား" အကြောင်းကို သိပါတယ်။ "ကံစွမ်းအား" ကသာ သိသောနာမ်ဓါတ်၊ မှတ်သောနာမ်ဓါတ်၊ ခံစားသောနာမ်ဓါတ်၊ အားထုတ်သော နာမ်ဓါတ် များထွက်ပေါ်လာအောင် ဆောင်ရွက်ပေးနိုင်တာဖြစ်ပါတယ်။

"စက်" နှင့်လုပ်၍ မရနိုင်ပါ။ ဒီသဘောကို နားလည်အောင် စဉ်းစားရပါမယ်။

"သိတယ်-မှတ်တယ်" ဆိုတဲ့သဘောဟာ လွယ်လွယ်မဟုတ်ပါဘူး။ သူတို့ဘာကြောင့် ထွက်လာတာလဲဆိုရင် . . . "ကံစွမ်းအား" ကပြုလုပ်ပေးလို့ . . . ထွက်လာရတာရခြင်း ဖြစ်ပါတယ်။ အဲဒီ "ကံစွမ်းအား" ဆိုတာဟာ မိမိမှာရှိနေပါတယ်။ အဲဒီအဓိပ္ပာယ်ကို နားလည်မှ "ဗုဒ္ဓဘာသာ" နဲ့ပတ်သက်တဲ့အကြောင်းအရာကို . . . ချေချေငံငံ၊ ပြတ်ပြတ်သားသား၊ ပိုင်းပိုင်း ခြားခြားသိမှာပါ။

အခုအချက်ကလေးဟာ . . . မိမိမှာရှိသော စွမ်းအားထဲတွင် "သိအား" "မှတ်အား" "ခံစားအား" "အားထုတ်အား" တွေပါဝင်နေပါတယ်။ အဲဒါတွေဟာ . . . "နာမ်ဓါတ်" တွေ ဖြစ်ပါတယ်။ အဲဒီနာမ်ဓါတ်မျိုးတွေ ထွက်လာအောင် လူတွေတီထွင်တဲ့စက်နဲ့ ဘယ်နည်းနဲ့မှ ထုတ်လို့မရပါဘူး။ "ကံစွမ်းအား" ကသာ လုပ်ပေးနိုင်ပါတယ်။

"ကံစွမ်းအား" ကို မမြင်တွေ့ရပေမယ့် ကံစွမ်းအား၏အကျိုးဖြစ်သော . . . "သိခြင်း သဘော" "မှတ်ခြင်းသဘော" "ခံစားခြင်းသဘော" "အားထုတ်ခြင်းသဘော" တွေသိနေပါပြီ။ အဲဒီဟာတွေကို အကျိုးတရားများလို့ခေါ်ပါတယ်။ ပါဠိလိုအားဖြင့် "ဝိပါက" လို့ ခေါ်ပါတယ်။ အကြောင်းတရားက "ကမ္မ" ဖြစ်ပါတယ်။

ဒါဟာ . . . "ကမ္မ" နှင့် "ဝိပါက" တို့ ဆက်သွယ်တဲ့သဘောဖြစ်ပါတယ်။ "ကမ္မ"က . . . ကံအကြောင်းတရားဖြစ်ပြီးတော့ . . . "ဝိပါက" က အကျိုးတရားဖြစ်ပါတယ်။ အကျိုးတရားဆိုတာက . . . "ထွက်ပေါ်လာသောနာမ်ဓါတ်တွေပဲဖြစ်ပါတယ်။ "ကံစွမ်းအား" ကလုပ်ပေးလို့သာ အကျိုးနာမ်ဓါတ်တွေ ထွက်ပေါ်နေခြင်းဖြစ်ပါတယ်။ ဒီအကြောင်းတွေကို ဘယ်သိပ္ပံပညာရှင်ကမှ ရှင်းမပြနိုင်သလို . . . "ဘယ်ဘာသာ" . . . ဘယ်အတွေးအခေါ် ပညာရှင်ကမှ ရှင်းမပြနိုင်ပါဘူး။

ဗုဒ္ဓ၏ "ဓမ္မ" ကမှ . . . ဒီအကြောင်းအရာများကို ရှင်းပြနိုင်တာဖြစ်ပါတယ်။ အဲဒီမှာ ထူးခြားတဲ့အချက်က . . . "ကံအကြောင်း" ကို ပြောနေတာပါ။ ကံ၏ "စွမ်းအား"ကြောင့် ဖြစ်ပေါ်လာသော "မြင်သိ" . . . "ကြားသိ" . . . "အနံ့သိ" . . . "အရသာသိ" . . . "အတွေ့သိ" . . . တွေဟာ "နာမ်ဓါတ်" တွေပါပဲ။ သူတို့ဟာ အကျိုးဝိပါကတွေ ဖြစ်ကြပါတယ်။ သိတဲ့သဘောလေးဟာ . . . "ဝိညာဏ်"ပါ။ ဒါကြောင့် . . . "ဝိပါကဝိညာဏ" လို့ခေါ်ပါတယ်။ အဲဒီသဘောကိုမှ မသိရင် . . . "ကံအကြောင်း" ကိုလည်း မသိနိုင်တော့ပါဘူး။ ဗုဒ္ဓဘာသာ၏ သဘာဝကိုလည်း ပိုင်းပိုင်းခြားခြား သိနိုင်မှာမဟုတ်ပါဘူး။ အဲဒါကို. . . ကိုယ့်ဉာဏ်နဲ့ကိုယ် ထပ်တလဲလဲ စဉ်းစားပေးပါ။

မိမိကိုယ်တိုင်မြင်တာလေးမြင်ရင် "သိ"လိုက်ပါတယ်။ ကြားရင်လည်း . . . သိလိုက်တယ်။ အနံ့ရရင်လည်းသိပါတယ်။ အရသာဖြစ်ရင်လည်းသိတယ်။ အတွေ့ဖြစ်ရင်လည်း သိတယ်။ အဲဒီ . . . "သိ" ဆိုတဲ့သဘောလေးကို နာမည်ပေးထားတာက . . . "နာမ်ဓါတ်" ဖြစ်ပါတယ်။ အဲဒီ "နာမ်ဓါတ်" ကို "စက်" နဲ့ထုတ်လုပ်လို့မရပါဘူး။ အဲဒါကို . . . "ကံစွမ်းအား" ကမှ ထုတ်လုပ်ပေးနိုင်ပါတယ်။

အဲဒီ . . . "ကံစွမ်းအား" ဆိုတာဟာ . . . "မိမိရဲ့ခန္ဓာငါးပါး"မှာရှိနေပါတယ်။ အဲဒါကို ပိုင်နိုင်အောင် စဉ်းစားရပါမယ်။ ထပ်ကာ . . . ထပ်ကာ စဉ်းစားပါ။ "မြင်" တဲ့သဘော . . . ကြားတဲ့သဘောထဲမှာ "ကံစွမ်းအား" ပါပါတယ်။



အဲဒီသဘောတွေကိုသိမှ . . . ဒီဒေသနာရဲ့အကြောင်းကို သိပါမယ်။ "ဝဋ္ဋ" ဆိုတာဟာ . . . မြန်မာလို "စက်" လို့ပြောပါတယ်။ "ဝိပါက" က "အကျိုး" ဖြစ်ပါတယ်။ ဒီတော့ "ဝိပါကဝဋ္ဋ" ဆိုတာဟာ "အကျိုးစက်" လို့ ပြောပါတယ်။ အကျိုးစက်လည်နေတယ် ဆိုတာလည်း သိရပါမယ်။ "အကျိုးစက်"က . . . "စက်"ပါပဲ။ "လည်"မှ အလုပ်လုပ်ပါတယ်။ "အကျိုးစက်" ဟာ "လည်" ရပါတယ်။

အဲဒီစကားလုံးလေးတွေ . . . တစ်ခုနဲ့တစ်ခု ကွဲပြားခြားနားတာကို သိအောင် စဉ်းစားပါ။ "အကျိုး" . . . "စက်" . . . ။ အကျိုးနဲ့စက်နဲ့တွဲမှ . . . ဒါဟာ စက်ကြီးမှန်း. . . မြင်ပါပြီ။ စက်လို့ပြောရုံနဲ့မရသေးပါဘူး။ ဒီစက်က "လည်" မှ အလုပ်လုပ်ပါတယ်။

စကားတစ်လုံးနဲ့တစ်လုံး . . . ကွဲကွဲပြားပြား၊ ပိုင်းပိုင်းခြားခြား . . . သိအောင် စဉ်းစားရပါမယ်။ "အကျိုး" ဆိုတာ စကားလုံးတစ်လုံး . . . "အကျိုး" နဲ့ "စက်" နဲ့တွဲတော့ "အကျိုးစက်" ဆိုတဲ့စကားလုံး . . . ဖြစ်လာပါတယ်။ အဲဒီ "အကျိုးစက်" ဟာ . . . "လည်" ရပါမယ်။ အဲဒီလို "လည်" တယ်ဆိုတဲ့မြန်မာစကားဟာ . . . ပါဠိလို "သဠ်ါရ" လို့ ပြောပါတယ်။ ဒီတော့ . . . "သဠ်ါရ" ဆိုတဲ့ "လည်မှု" ပါမှ "အကျိုးစက်ကြီး" က အလုပ်ဖြစ်ပါတယ်။

စကားလုံးတွေ တစ်ခုနဲ့တစ်ခု ဆက်စပ်ခြားနားပုံ . . . အဓိပ္ပာယ်တစ်ခုနဲ့တစ်ခု ဆက်စပ်ပုံကို ဉာဏ်နဲ့သေသေချာချာစဉ်းစားရပါမယ်။ ဒါဟာ . . . "သဘာဝပညာ" တွေ ဖြစ်ပါတယ်။ အဲဒီ "သဘာဝပညာ" ဟာ . . . "ဗုဒ္ဓဒေသနာ"မှာမှ ရှိပါတယ်။ ဒီအဓိပ္ပာယ်မျိုးကို သိမှ၊ နားလည်မှ ဘုရားရှင်ဟောကြားတဲ့ "ဓမ္မသဘာဝ" ဆိုတာကို အဟုတ်သိပါမယ်။

အခု . . . "သဘာဝ"တွေကို သင်ပေးနေပါတယ်။ "ဓမ္မသဘာဝ" ကိုပဲ သင်ပေးနေခြင်းဖြစ်ပါတယ်။

"ဓမ္မသဘာဝ"ဆိုတာကို ရိုးရိုးလေးပဲ မှတ်ထားပါ။ "ဓမ္မ" ဆိုတာ "ဓါတ်" ။ "သဘာဝ" ဆိုတာက . . . မြန်မာလိုလည်း . . . "သဘာဝ" ပါပဲ။ ဒီတော့ . . . "ဓါတ်သဘာဝ" . . . လို့ သိလာမယ်။ အခုပြောနေတဲ့အကြောင်းအရာက . . . "နာမ်ဓါတ်သဘာဝ" ဖြစ်ပါတယ်။ ဆိုလို

## အတ္တဒိဋ္ဌိ ... ရှိလျှင် ... အပါယ်ကျမည်

> သဗ္ဗာနိ စ အပါယဂါမိနီကမ္မာနိ နာမ
> အတ္တဒိဋ္ဌိ ယာ သတိယာ ဧဝ အာပဇ္ဇတိ၊
> အသတိယာ န အာပဇ္ဇတိ ။

သဗ္ဗာနိ စ ............... အလုံးစုံလည်းဖြစ်ကုန်သော

အပါယဂါမိနီကမ္မာနိ နာမ. . . . . . . . . . . . . . . .
အပါယ်သို့လားစေသော

ကံတို့မည်သည်ကား

အတ္တဒိဋ္ဌိ ယာ . . . . . . . . . . . . . . . .
အတ္တဒိဋ္ဌိသည် (ဝါ) မိစ္ဆာဒိဋ္ဌိသည်

သတိယာ ဧဝ . . . . . . . . . . . . . . . .
ရှိမှသာလျှင်

အာပဇ္ဇတိ . . . . . . . . . . . . . . . .
ရောက်ရ၏။

အသတိယာ . . . . . . . . . . . . . . . .

C D

# L

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ (ရန်ကုန်)

ဆရာကြီး ဦးဌေးအောင်
(မဟာသဒ္ဓမ္မဇောတိကဓဇ)
၏

# (၂၅) ကြိမ် မြောက် ဗုဒ္ဓဒေသနာသင်တန်း

မှ

**ဟောပြောချက်များ**

(၁၃) ကမ္မ နှင့် ဝိပါက . . . ( ၂၃ - ၄ - ၂၀၀၇ )

(သင်တန်းသားများအတွက်သာ)

ဗုဒ္ဓဒေသနာ နှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ (ရန်ကုန်) မှ ဖြန့်ချိသည်။

C D